# မျှတသည့် တရားရေးစနစ်နှင့် မှန်ကန်သော တရားဥပဒေ စိုးမိုးမှုတို့ကို တန်ဖိုးထားသည့် အစိုးရကောင်းတရပ် ပေါ်ထွန်းလာရေး

ယနေ့မြန်မာနိုင်ငံမှာ နိုင်ငံတကာအလယ်၌ အကြီးအကျယ် ဂုဏ်သိက္ခာကျဆင်းနေရသည်ကို မည်သူမျှ မငြင်းနိုင်အောင် ရှိနေသည်။

မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၃၀-၄၀မျှ ကြာမြင့်လာသည့်တိုင်အောင် ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်သေးပဲ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင် ဖြစ်လျက်ပင် ရှိနေသေးသည်။ ဤသည်မှာ တိုင်းပြည်အစိုးရတို့၏ ညံ့ဖျင်းမှုကို ဖော်ပြနေသည်။

အစိုးရတရပ်အနေဖြင့် ထိုသို့ဂုဏ်သိက္ခာ ကျဆင်းနေရသည့်အထဲ လူသားချင်း စာနာထောက်ထားမှု မရှိပဲ လူ့အခွင့်အရေးများကို အကြီးအကျယ် ချိုးဖောက်နေပြန်ရာ နိုင်ငံတကာအလယ်တွင် မျက်နှာ မဖော်ဝံ့အောင် ပြင်းပြင်းထန်ထန် ပြစ်တင်ရှုံ့ချခံနေရပြန်သည်။

ထို့ပြင် စစ်အစိုးရ၏ အာဏာကိုဖက်တွယ်ထားလိုသော ကိုယ်ကျိုးဆန္ဒကြောင့် ပြည်သူတို့၏ စားဝတ်နေရေး၊ လုံခြုံရေးတို့အတွက် မရှိမဖြစ်လိုအပ်သည့် တရားစီရင်ရေးမဏ္ဍိုင်က အဆုံးစွန်ထိ ပျက်ပြားကာ တရားဥပဒေ အမှန်အကန် စိုးမိုးမှုမရှိသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိနေရပြန်သည်။

အကျဉ်းချုပ်၍ ဖော်ပြသော ဤသုံးချက်အရပင် လက်ရှိ မြန်မာစစ်အစိုးရမှာ နိုင်ငံကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်သည့် (Good Governance) အရည်အချင်းများ ကင်းမဲ့နေကြောင်း အထင်းသား ပေါ်လွင်နေသည်။ တနည်းအားဖြင့် နအဖအမည်ခံ စစ်အစိုးရသည် နိုင်ငံနှင့်လူမျိုးအတွက် ကောင်းမွန်သော အစိုးရတရပ် မဟုတ်ကြောင်း သက်သေပြနေသည်။

ဒီမိုကရေစီနိုင်ငံဖြစ်လျှင် မှန်ကန်သည့် တရားဥပဒေ စိုးမိုးမှုကို အလေးအနက်ထားရသည်။ ထိုသို့ ဖြစ်နိုင်အောင် ပြည်သူတို့က ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်တို့က အဓိက တာဝန်ယူ စောင့်ရှောက်ရသည်။ လွတ်လပ်သော တရားစီရင်ရေးစနစ်နှင့် လွတ်လပ်သော မီဒီယာ တို့က အားဖြည့်ကူညီပေးရသည်။

ဒီမိုကရေစီနိုင်ငံများတွင် တရားဥပဒေက မှန်မှန်ကန်ကန် စိုးမိုးနေသောအခါ အရင်ဦးဆုံး နိုင်ငံရေး တည်ငြိမ်လာသည်။ နိုင်ငံရေးတည်ငြိမ်မှုလည်း စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး အစ ရှိသောကိစ္စတို့ကို အေးချမ်းတည်ငြိမ်စွာ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို ခံယူချင်သည်မှာ အုပ်ချုပ်ခံ ပြည်သူတို့၏ သဘာဝ ဖြစ်သည်။ ထို့ကြောင့်သာလျှင် မှန်ကန်သည့် တရားဥပဒေ စိုးမိုးမှုကို တန်ဖိုးထားသော ဒီမိုကရေစီကို လူတိုင်းက မျှော်မှန်းကြခြင်းဖြစ်သည်။ ဒီမိုကရေစီ ထွန်းကားသော အနောက်နိုင်ငံတို့၏ လွတ်လပ်ခြင်း၊ စီးပွားတိုးတက်ခြင်း၊ ယဉ်ကျေးမှု ပွင့်လင်းထွန်းကားခြင်းတို့ကို အားကျသောကြောင့် ဒီမိုကရေစီ လိုချင်သည်ဟု ယူဆလျှင် မှားပေလိမ့်မည်။

လက်ရှိ မြန်မာစစ်အစိုးရမှာ ၎င်းတို့ကျူးလွန်ထားသော ပြစ်မှုများကို ဆက်လက်ဖုံးဖိနိုင်ရေးအတွက် ဥပဒေကို အလွဲသုံးစားပြုလုပ်နေသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်-စည်းစိမ်၊ လုံခြုံမှုနှင့် လွတ်လပ်မှုတို့အား ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်မှု မပေး။ ပြည်သူ့အရေးဆိုလျှင် တရား ဥပဒေကို လုံး၀ အလေးအနက်မထား။ အထူးသဖြင့် ပြည်သူတို့ကိုယ်စား အာဏာရှင်စနစ်ကို ဦးဆောင် တိုက်ပွဲဝင်နေကြသည့် နိုင်ငံရေး လှုပ်ရှားတက်ကြွသူတို့အပေါ် မှန်ကန်မှုမရှိသော တရားဥပဒေ စိုးမိုးမှုများဖြင့် ပြင်းပြင်းထန်ထန် နှိပ်ကွပ်ဖြိုခွဲနေသည်။

၁၉၉၀ခုနှစ် ရွေးကောက်ပွဲပြီးသည်နှင့် စစ်တန်းလျားသို့ပြန်မည်ဆိုသော ၎င်းစစ်အစိုးရသည် အပြောနှင့် အလုပ်မညီ။ ၎င်းတို့၏လုပ်ရပ်များကို မြန်မာပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက စက်ဆုပ်ရွံရှာ ရလောက်အောင် ထိုစစ်အစိုးရသည် စစ်မှန်သော ဒီမိုကရေစီလမ်းကြောင်းနှင့် ဆန့်ကျင်ဘက်သို့သာ ဦးတည်သွားနေသည်ကို အထင်အရှား တွေ့မြင်နေရသည်။

ထိုသို့ပြုကျင့်တတ်သူတို့က မည်သည့်နည်းနှင့်မျှ စစ်မှန်သော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးမည် မဟုတ်သည်မှာ သေချာနေပြီဖြစ်သည်။

ထိုသို့ပြုကျင့်တတ်သူတို့၏လက်ထဲသို့ မြန်မာနိုင်ငံအနာဂတ်ကို ထည့်လိုက်မည်ဆိုလျှင် ဒီမိုကရေစီ အတုအယောင်ခေတ်တွင် မြန်မာပြည်သူတို့အနေဖြင့် မိမိတို့၏ လည်ပင်းများကို ကြိုးကွင်းစွပ်ခံရသည် နှင့်အတူတူပင် ဖြစ်ပေတော့မည်။ မိမိတို့၏ သားသမီး-မြေးမြစ်တို့အားလည်း အာဏာရှင်၏ ထားရာနေ၊ စေရာသွား မလွတ်လပ်သည့်ဘဝကို စိတ်ဆင်းရဲစွာ ပိုင်ဆိုင်နေရသည့် ကျေးကျွန်များဖြစ်အောင် မိမိတို့ကိုယ်တိုင်က တွန်းပို့ပေးနေသကဲ့သို့သာ ဖြစ်နေပေလိမ့်မည်။

မြန်မာနိုင်ငံတွင် မျှတသည့်တရားရေးစနစ်နှင့် မှန်ကန်သော တရားဥပဒေစိုးမိုးမှုတို့ကို တန်ဖိုးထားသည့် အစိုးရကောင်းတရပ် ပေါ်ထွန်းလာမှသာ ပြည်သူတို့ အကြီးအကျယ် လိုအပ်နေသော လုံခြုံမှု၊ လွတ်လပ်မှု၊ ဆင်းရဲတွင်းမှ လွတ်မြောက်မှုတို့အတွက် အာမခံချက် ရှိလာမည် ဖြစ်သည်။

လွင်အောင်စိုး

၂၃-၁၁-၂၀၀၈